## ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ

## (၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂ ။)

## ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

## (၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်)

### နိဒါန်း

ရှမ်းပြည်နယ်အတွင်း ယစ်မျိုးခွန်များ စနစ်တကျ ကောက်ခံနိုင်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်**ဆိုသည်မှာ ရှမ်းပြည်နယ်ကိုဆိုသည်။





(ဇ) **အရက်** (Alcoholic Liquor)ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့် အရာများအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဟု သတ်မှတ်ထားသော အရာများကိုဆိုသည်။

(ဈ) **ဘီယာ** (Ale.Stout.Porter) ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့် အရာများအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသောအရာများပါဝင်သည်။

(ည) **ပြည်တွင်းဖိုထွက် ချက်အရက်**(Country Spirit) ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပြန်ပါဝင်သော မည်သည့်အရက် တစ်စုံတစ်ရာကိုမဆို ပါဝင်သည်။

(ဋ) **ထန်းရည်**(Tari)ဆိုသည်မှာ ကစော်ဖောက်သည် ဖြစ်စေ၊ မဖောက်သည် ဖြစ်စေ၊ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့်အပင်အမျိုးမျိုးမှ ထွက်သော အရည်ကိုဆိုသည်။

(ဌ) **တည်အရက်** (Fermented Liquor) ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကို ဆိုသည်။ ယင်းစကားရပ်တွင် လျှော်စာရည်၊ ခေါင်ရည်တို့ ပါဝင်သည်။

(ဍ) **သောက်ပျော်သောအရက်**(Potable Alcoholic Liquor) ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး အရက်ပြန် ပါဝင်သည့် အရက် တစ်မျိုးမျိုးကို ဆိုသည်။

(ဎ) **မူလသတ္တိပျက်ပြီး**(Denatured) ဆိုသည်မှာ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လူတို့သောက်သုံးရန် မသင့်အောင် ပြုပြင်ပြီးသည်ကို ဆိုသည်။

(ဏ) **ချက်လုပ်ခြင်း** ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) သဘာဝအားဖြင့် ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ထွက်ရှိစေရန် သို့မဟုတ် ရရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ ပါဝင်သည်။

(၂) ပြန်၍ပေါင်းခံခြင်း (Redistillation)။





(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကိုဆိုသည်။

(ဃ) **ပြည်နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနအကြီးအကဲကို ဆိုသည်။

(င) **ယစ်မျိုးခွန်** ဆိုသည်မှာ ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသည့် ချက်လုပ်မှု၊ လက်ရှိထားမှု၊ ရောင်းချမှုများနှင့် သက်ဆိုင်သော လိုင်စင်များအပေါ်တွင် ကောက်ခံသော အခွန်များကိုဆိုသည်။

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း** (Excisable article) ဆိုသည်မှာ ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေတွင် ဖွင့်ဆိုထားသည့် အရက်အပါအဝင် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုသည်။

(ဆ) **ယစ်မျိုးဝင်ကုန်ပစ္စည်း** (Excisable goods) ဆိုသည်မှာ ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ၏ ဒုတိယဇယားတွင် ယစ်မျိုးခွန်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်။

(ဎ) အရက်ပြန်ပါဝင်သည့် အရက်ကို ပြုပြင်ခြင်း၊ အနံ့ အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(တ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု** (Retail and Whole Sale) ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့်နည်းဥပဒေများအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အချင်အတွယ်အတိုင်း ရောင်းချခြင်းကို ဆိုသည်။

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရက်သေစာသောက်စားခြင်း အလေ့အထ ပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်။





အချိန်တွင် ကျသင့်ငွေ၏တစ်ဝက်ကို တစ်ကြိမ်တည်း ပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း အပြေအကျေ ပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၃,၀၀၀,၀၀၀အထက်ဖြစ်ပါက လိုင်စင်ချပေးသည့်အချိန်တွင် ကျသင့်ငွေ၏ သုံးပုံတစ်ပုံကို တစ်ကြိမ်တည်းပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေ ပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝ ကောက်ခံရရှိနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း(၄)
## အထွေထွေ

၁၀။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၁။ ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန်ငွေကြေးအားလုံးကိုပေးဆောင်ရန် ပျက်ကွက်လျှင် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၁၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့





(ခ) သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှု မရှိစေရန်။

(ဂ) မူးယစ်စေတတ်သော သေရည်သေရက် ရောင်းချခြင်းမှာ အခွန်ငွေရရှိစေရန် အလို့ငှာသာ မဟုတ်ဘဲ သောက်စားသုံးစွဲခြင်း လျော့နည်းစေရန်၊ သေရည်သေရက် ရောင်းချခြင်းကို အခွန်ကောက်ခံသည် ဟု စွဲမြဲမှတ်ယူစေရန်။

(ဃ) ပြည်နယ်ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီ ရရှိစေရန်။

## အခန်း(၃)
## ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း

၄။ ပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးနှင့် စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဤဥပဒေပါ နောက်ဆက်တွဲ ဇယားအတိုင်း ကောက်ခံရန်သတ်မှတ်သည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၅၀၀,၀၀၀ အထိဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင်ကျသင့်သောငွေကို တစ်ကြိမ်တည်း အပြေအကျေပေးသွင်းရမည်။

၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၅၀၀,၀၀၀ အထက်မှ ၃,၀၀၀,၀၀၀အထိဖြစ်ပါက လိုင်စင်ချထားပေးသည့်

| | | | | | |
|---|---|---|---|---|---|
| **ယစ်မျိုးခွန်နှုန်းထားကောက်ခံရန် နယ်မြေသတ်မှတ်ချက်** | | | | | |
| **စဉ်** | **ပထမဇုန်မြို့နယ်** | **စဉ်** | **ဒုတိယဇုန်မြို့နယ်** | **စဉ်** | **တတိယဇုန်မြို့နယ်** |
| ၁။ | တောင်ကြီးမြို့နယ် | ၁၈။ | ဟိုပုံးမြို့နယ် | ၄၆။ | မိုင်းခတ်မြို့နယ် |
| ၂။ | ကလောမြို့နယ် | ၁၉။ | ဆီဆိုင်မြို့နယ် | ၄၇။ | မိုင်းယန်းမြို့နယ် |
| ၃။ | ညောင်ရွှေမြို့နယ် | ၂၀။ | ပင်းတယမြို့နယ် | ၄၈။ | မန်တုံမြို့နယ် |
| ၄။ | လွိုင်လင်မြို့နယ် | ၂၁။ | ရွာငံမြို့နယ် | ၄၉။ | မက်မန်းမြို့နယ် |
| ၅။ | နမ့်စန်မြို့နယ် | ၂၂။ | ရပ်စောက်မြို့နယ် | ၅၀။ | ကုန်းကြမ်းမြို့နယ် |
| ၆။ | ကျိုင်းတုံမြို့နယ် | ၂၃။ | ပင်လောင်းမြို့နယ် | | |
| ၇။ | တာချီလိတ်မြို့နယ် | ၂၄။ | ဖယ်ခုံမြို့နယ် | | **ကျန်ဝင်မရ(၅)မြို့နယ်မပါ။** |
| ၈။ | လားရှိုးမြို့နယ် | ၂၅။ | လဲချားမြို့နယ် | ၁။ | မိုင်းလားမြို့နယ် |
| ၉။ | သိန္နီမြို့နယ် | ၂၆။ | ကွန်ဟိန်းမြို့နယ် | ၂။ | မိုင်းမောမြို့နယ် |
| ၁၀။ | ကျောက်မဲမြို့နယ် | ၂၇။ | ကျေးသီးမြို့နယ် | ၃။ | ပန်ဝိုင်မြို့နယ် |
| ၁၁။ | သီပေါမြို့နယ် | ၂၈။ | မိုင်းကိုင်မြို့နယ် | ၄။ | နားဖန်းမြို့နယ် |
| ၁၂။ | နောင်ချိုမြို့နယ် | ၂၉။ | မိုင်းရှူးမြို့နယ် | ၅။ | ပန်ဆန်း(ပန်ခမ်း)မြို့နယ် |
| ၁၃။ | မိုးမိတ်မြို့နယ် | ၃၀။ | လင်းခေးမြို့နယ် | | |
| ၁၄။ | မဘိမ်းမြို့နယ် | ၃၁။ | မိုးနဲမြို့နယ် | | |
| ၁၅။ | မူဆယ်မြို့နယ် | ၃၂။ | မောက်မယ်မြို့နယ် | | |
| ၁၆။ | နမ့်ခမ်းမြို့နယ် | ၃၃။ | မိုင်းပန်မြို့နယ် | | |
| ၁၇။ | ကွတ်ခိုင်မြို့နယ် | ၃၄။ | မိုင်းပျဉ်းမြို့နယ် | | |
| | | ၃၅။ | မိုင်းဖြတ်မြို့နယ် | | |
| | | ၃၆။ | မိုင်းယောင်းမြို့နယ် | | |
| | | ၃၇။ | မိုင်းဆတ်မြို့နယ် | | |
| | | ၃၈။ | မိုင်းတုံမြို့နယ် | | |
| | | ၃၉။ | တန့်ယန်းမြို့နယ် | | |
| | | ၄၀။ | မိုင်းရယ်မြို့နယ် | | |
| | | ၄၁။ | ကွမ်းလုံမြို့နယ် | | |
| | | ၄၂။ | နမ္မတူမြို့နယ် | | |
| | | ၄၃။ | နမ့်ဆန်မြို့နယ် | | |
| | | ၄၄။ | ဟိုပန်မြို့နယ် | | |
| | | ၄၅။ | လောက်ကိုင်မြို့နယ် | | |



| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၇ | CFL-2 စီအက်ဖ်အယ်လ်-၂ | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ (Country Fermented Liquor) ကို ထုတ်လုပ်ခွင့်နှင့်ဆိုင်ဖွင့်၍ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | လေလံ |
| ၈ | CFL-2A စီအက်ဖ်အယ်လ်-၂အေ | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်းဥပစာအတွင်း သောက်သုံးရန်၊ ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၅၀၀၀ | ၂၀၀၀၀ |
| ၉ | CS-2A စီအက်စ်-၂အေ | အရက်ချက်လိုင်စင်ရ ဖိုထွက်အရက်၊ စက်ရုံထွက်အရက် (အရက်ဖြူ) ကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်းဥပစာအတွင်း သောက်သုံးရန်၊ ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၅၀၀၀၀ | ပထမဇုန် - ၁၀၀၀၀၀<br>ဒုတိယဇုန် - ၈၀၀၀၀<br>တတိယဇုန် - ၆၀၀၀၀ |
| ၁၀ | CFL-2 CS-2 စီအက်ဖ်အယ်လ်-၂ စီအက်စ်-၂ | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ (Country Fermented Liquor)နှင့်ဖိုထွက်ချက်အရက် (Country Spirit) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်)ဆိုင်၏ ပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | လေလံ |
| ၁၁ | D-1 ဒီ-၁ | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | ထုတ်လုပ်မှု ဂါလန်တစ်နေ့<br>၅၀-၅၀၀ = ၁၂၀၀၀၀၀<br>၅၀၀-၁၀၀၀= ၂၄၀၀၀၀၀<br>၁၀၀၀အထက်=၃၆၀၀၀၀၀ | ထုတ်လုပ်မှု ဂါလန်တစ်နေ့<br>၅၀၀အထိ = ၂၅၀၀၀၀၀<br>၅၀၀-၁၀၀၀= ၅၀၀၀၀၀၀<br>၁၀၀၀အထက်= ၇၅၀၀၀၀၀ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၁၂ | D-1A ဒီ-၁အေ | နိုင်ငံခြားအရက်ပြင်း(Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်၊ ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် လိုင်စင်ရရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင် | ၁၂၀၀၀၀၀ | ၃၀၀၀၀၀၀ |
| ၁၃ | D-2 ဒီ-၂ | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | ၁၀၀၀၀၀ | ၂၀၀၀၀၀ |
| ၁၄ | EG-1 အီးဂျီ-၁ | ဘီလပ်ရည်၊ အဖျော်ရည်ထုတ်လုပ်ခွင့်လိုင်စင် | - | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည် |
| ၁၅ | FL-4 အက်ဖ်အယ်လ်-၄ | ပြည်ပမှ တင်သွင်းသော နိုင်ငံခြားအရက်ပြင်း ( Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၁၆ | FL-5 အက်ဖ်အယ်လ်-၅ | နိုင်ငံခြားအရက်ပြင်း( Foreign Spirit) ကို ပုလင်းသွတ်ခွင့်လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၁၇ | FL-6 အက်ဖ်အယ်လ်-၆ | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | ၁၂၀၀၀၀ | ၁၈၀၀၀၀ |





## ပြင်ဆင်သတ်မှတ်ထားသည့် ယစ်မျိုးလိုင်စင်ခွန်နှုန်းထားများ

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား (ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| | လေလံလိုင်စင် | | | |
| ၁ | CS-1 စီအက်စ်-၁ | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက်(Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | လေလံ | လေလံ |
| ၂ | CS-2 စီအက်စ်-၂ | အရက်ဖို ပိုင်ဆိုင်ခွင့်၊ ချက်လုပ် ခွင့် နှင့် ဖိုထွက်ချက်အရက် (Country Spirit)ကို ဆိုင်ဖွင့်၍ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပ သို့ ယူဆောင်ရန်လက်လီ ရောင်းချခွင့်လိုင်စင် စီးပွားဖြစ်ချက်၍ | လေလံ | လေလံ |
| ၃ | CS-3 စီအက်စ်-၃ | မြန်မာပြည်တွင်းရှိအရက်ဖိုများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပ သို့ ယူဆောင်ရန် လက်လီ ရောင်းချခွင့် လိုင်စင် | လေလံ | လေလံ |
| | ပုံသေလိုင်စင် | | | |
| ၄ | B-1 ဘီ-၁ | ဘီယာစက်ရုံ ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | ထုတ်လုပ်မှု ဂါလန်တစ်နေ့<br>၅၀-၅၀၀ = ၅၀၀၀၀၀<br>၅၀၀-၁၀၀၀= ၈၀၀၀၀၀<br>၁၀၀၀အထက်= ၁၅၀၀၀၀၀ | ထုတ်လုပ်မှု ဂါလန်တစ်နေ့<br>၅၀၀အထိ = ၂၅၀၀၀၀၀<br>၅၀၀-၁၀၀၀= ၅၀၀၀၀၀၀<br>၁၀၀၀အထက်= ၇၅၀၀၀၀၀ |
| ၅ | B-2 ဘီ-၂ | ဘီယာစက်ရုံပိုင်ဆိုင်ခွင့်သာ ရှိပြီး ချက်လုပ်ခွင့် လိုင်စင် မရှိသည့် လိုင်စင် | ၁၀၀၀၀၀ | ၂၀၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား (ကျပ်)ပုံသေနှုန်း |
|---|---|---|---|---|
| ၁၈ | FL-7 အက်ဖ် အယ်လ်-၇ | မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံများ မှထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) များကိုဆိုင်ဖွင့်၍ ဆိုင် ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ယူဆောင်ရန် လက်လီရောင်း ချခွင့်လိုင်စင် | လေလံ | လေလံ |
| ၁၉ | FL-8 အက်ဖ် အယ်လ်-၈ | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှထုတ်လုပ် သောဘီယာများကိုလက်ကားရောင်းချခွင့် လိုင်စင် | ၁၀၀၀၀၀၀ | ၁၈၀၀၀၀၀ |
| ၂၀ | FL-8A အက်ဖ် အယ်လ်-၈အေ | ပြည်ပမှတင်သွင်းသော ဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | - | ၁၈၀၀၀၀၀ |
| ၂၁ | FL-9 အက်ဖ် အယ်လ်-၉ | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှထုတ်လုပ် သော ဘီယာများကိုဆိုင်ဖွင့်၍ ဆိုင်ဥပစာ အတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာ ပြင်ပသို့ ယူဆောင်ရန် လက်လီ ရောင်းချခွင့် လိုင်စင် | ၅၀၀၀၀၀ | ပထမဇုန်-၁၀၀၀၀၀၀<br>ဒုတိယဇုန်-၈၀၀၀၀၀<br>တတိယဇုန်-၆၀၀၀၀၀ |
| ၂၂ | FL-9A အက်ဖ် အယ်လ်-၉အေ | ပြည်ပမှတင်သွင်းသော ဘီယာများကို ဆိုင် ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | - | ပထမဇုန်-၁၀၀၀၀၀၀<br>ဒုတိယဇုန်-၈၀၀၀၀၀<br>တတိယဇုန်-၆၀၀၀၀၀ |
| ၂၃ | FL-10 အက်ဖ် အယ်လ်-၁၀ | ဗျစ်ရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာ အတွင်း သောက်သုံးရန်(သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | လေလံ |
| ၂၄ | FL-11 အက်ဖ် အယ်လ်-၁၁ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို လက်ကား ရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀ | ပထမဇုန် - ၁၀၀၀၀၀၀<br>ဒုတိယဇုန် - ၈၀၀၀၀၀<br>တတိယဇုန်- ၆၀၀၀၀၀ |
| ၂၅ | FL-12 အက်ဖ် အယ်လ်-၁၂ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို ကုန်စုံဆိုင်တွင် လက်လီ လက်ကား ရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာ အတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင် | ၂၅၀၀၀၀ | ပထမဇုန် - ၅၀၀၀၀၀<br>ဒုတိယဇုန် - ၄၀၀၀၀၀<br>တတိယဇုန်- ၃၀၀၀၀၀ |





| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၃၁ | FL-17 အက်ဖ် အယ်လ်-၁၇ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor) ကိုဟိုတယ်နှင့် နားနေခန်း၊ ဘူတာ၊ လေဆိပ်၊ သင်္ဘော ဆိပ်၊ မီးရထားစားသောက်တွဲနှင့် စားသောက်ဆိုင်ဥပစာတွင် သောက်သုံး ရန် ဟိုတယ်ပိုင်ရှင် (သို့မဟုတ်) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီ ရောင်းချခွင့်လိုင်စင် | ၆၀၀၀၀၀ | ပထမဇုန် - ၁၂၀၀၀၀၀<br>ဒုတိယဇုန် - ၁၀၀၀၀၀၀<br>တတိယဇုန် - ၈၀၀၀၀၀ |
| ၃၂ | FL-17A အက်ဖ် အယ်လ်-၁၇အေ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) လူမှုရေးအဖွဲ့ အစည်း (Charitable Institute) ကို ဥပစာအတွင်း သောက်သုံးရန် အဖွဲ့ အစည်း အာဏာပိုင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | - | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၃၃ | FL-18 အက်ဖ် အယ်လ်-၁၈ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို အများ ပြည်သူပျော်ပွဲရွှင်ပွဲ ဧည့်ခံပွဲများတွင် ဆိုင်ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင် | - | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၃၄ | FL-19 အက်ဖ် အယ်လ်-၁၉ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်များရှိနားနေခန်း ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင် ရန် နားနေခန်းအငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | - | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၃၅ | FL-20 အက်ဖ် အယ်လ်-၂၀ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကိုမီးရထား စားသောက်ခန်း ဥပစာအတွင်း ခရီးသည်များသာ သောက်သုံးရန် (သို့မဟုတ်) ပြင်ပ သို့ယူဆောင်ရန် စားသောက်တွဲအငှား ရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | - | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၃၆ | FL-21 အက်ဖ် အယ်လ်-၂၁ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကိုသဘော်ဝန်ထမ်းများနှင့် ခရီးသည်များ သဘော်ပေါ်တွင် သောက်သုံးရန် သဘော် မာလိန်မှူး (သို့မဟုတ်)ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ပြည်တွင်း ရေကြောင်းနှင့် ကမ်းရိုးတန်းသွားရေယာဉ် ၅၀၀၀၀၀ | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၃၇ | FL-22 အက်ဖ် အယ်လ်-၂၂ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor) ကို အများပြည်သူ(သို့မဟုတ်)ပုဂ္ဂလိက ပျော်ပွဲရွှင်ပွဲများတွင် ဥပစာအတွင်းသောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | - | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၃၈ | FL-23 အက်ဖ် အယ်လ်-၂၃ | မူးယစ်စေတတ်သောဆေးဝါးမဟုတ်သော အရက်ပြန်ရာခိုင်နှုန်း ၂၀မှ ၄၅ အထိ ပါဝင်သည့် ဆေးဖက်ဝင်သော ဝိုင်နှင့် အလားတူဖျော်ရည်များကို ဆေးဆရာ (သို့မဟုတ်) ကျန်းမာရေးဝန်ထမ်း (သို့မဟုတ်) ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | ၅၀၀၀ | ၁၀၀၀၀ |
| ၃၉ | FL-24 အက်ဖ် အယ်လ်-၂၄ | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်း (Rectified Foreign Spirit) ကို ဆေးဆရာများက ရောင်းချခွင့်လိုင်စင် | ၅၀၀၀ | ၁၀၀၀၀ |
| ၄၀ | FL-25 အက်ဖ် အယ်လ်-၂၅ | ဂုဏ်သတ္တိပျက်အရက်ပြန် ရောင်းချခွင့် လိုင်စင် | - | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၄၁ | FL-2C အက်ဖ် အယ်လ်-၂ (စီ) | သန့်စင်ပြီး အရက်ပြန်များကို သိုလှောင်သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချ၍၊ အရက်ပြင်းနှင့် အခြားအရက်ပြန်ပါဝင်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်း သိုလှောင်ရုံ ဆောက်လုပ်ခွင့် လိုင်စင် | ၅၀၀၀ | ၁၀၀၀၀ |





| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ ဖော်ပြချက် | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၂၆ | FL-13 အက်ဖ် အယ်လ်-၁၃ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်)ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | လေလံ |
| ၂၇ | FL-14 အက်ဖ် အယ်လ်-၁၄ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို စစ်ဘက်ဆိုင်ရာ အရောင်း ဆိုင်ကလေး (Military Canteen) များတွင် လက်လီရောင်းချခွင့်လိုင်စင်<br>(က) တပ်ရင်းအတွက်<br>(ခ) တပ်ရင်းထက်ငယ်သော တပ်အဖွဲ့အစည်းများအတွက် | - | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၂၈ | FL-15 အက်ဖ် အယ်လ်-၁၅ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများသောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ပိုင်ရှင် (သို့မဟုတ်) မန်နေဂျာကဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ၆၀၀၀၀၀ | ပင်းတယ(အပါ)<br>ပထမဇုန် - ၁၂၀၀၀၀၀<br>ပင်းတယ(မှအပ)<br>ဒုတိယဇုန် - ၁၀၀၀၀၀၀<br>တတိယဇုန် - ၈၀၀၀၀၀ |
| ၂၉ | FL-15A အက်ဖ် အယ်လ်-၁၅အေ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ် (သို့မဟုတ်) တည်းခိုခန်းဥပစာ အတွင်း တည်းခိုသူများသာ သောက်သုံးရန်၊ ဟိုတယ်(သို့မဟုတ်) တည်းခိုခန်းပိုင်ရှင် (သို့မဟုတ်)မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | - | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၃၀ | FL-16 အက်ဖ် အယ်လ်-၁၆ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor) ကို ကလပ် ဥပစာအတွင်း သောက်သုံးရန် ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၃၀၀၀၀၀ | ၅၀၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၄၁ | FL-2C အက်ဖ်အယ်လ်-၂ (စီ) | သန့်စင်ပြီးအရက်ပြန်များကို သိုလှောင် သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချာ၊ အရက်ပြင်းနှင့် အခြား အရက်ပြန် ပါဝင်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်း သိုလှောင်ရုံဆောက်လုပ်ခွင့် လိုင်စင် | ၅၀၀၀ | ၁၀၀၀၀ |
| ၄၂ | FL-2D အက်ဖ်အယ်လ်-၂ (ဒီ) | အရက်ပြန် ပါဝင်သည့် ဆေးဝါးများကို မြန်မာ့ဆေးဆရာများက ထုတ်လုပ်ခွင့် ၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၁၀၀၀ | ၁၀၀၀၀ |
| ၄၃ | G-1 ဂျီ-၁ | ရှာလကာရည်ထုတ်လုပ်ခွင့် လိုင်စင် | - | အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၄၄ | W-1 ဒဗလျူ-၁ | ဝိုင်အရက်များ ထုတ်လုပ်ခွင့် လိုင်စင် | ၁၀၀၀၀ | စက်ရုံ ၃၀၀၀၀၀<br>အိမ်တွင်းမှု ၁၀၀၀၀၀<br>(တပိုင်တနိုင်) |
| ၄၅ | Y-1 ဝိုင်-၁ | တဆေးများ ထုတ်လုပ်ခွင့်နှင့် ရောင်းချ ခွင့် လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀ |
| ၄၆ | Y-2 ဝိုင်-၂ | တဆေးများရောင်းချခွင့် လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | ၁ |
| ၂။ | အခန်း (၁) အမည်နှင့် စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၅ |
| ၃။ | အခန်း (၂) ရည်ရွယ်ချက်များ | ၅ | ၆ |
| ၄။ | အခန်း (၃) ယစ်မျိုးခွန်နှုန်းထားများသတ်မှတ်ခြင်း | ၆ | ၇ |
| ၅။ | အခန်း (၄) အထွေထွေ | ၇ | ၈ |
| ၆။ | ယစ်မျိုးခွန်နှုန်းထား ကောက်ခံရန် နယ်မြေ သတ်မှတ်ချက် | ၉ | ၉ |
| ၇။ | ပြင်ဆင်သတ်မှတ်ထားသည့် ယစ်မျိုး လိုင်စင်ခွန်နှုန်းထားများ | ၁၀ | ၁၇ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရှမ်းပြည်နယ်လွှတ်တော်

# တောင်ကြီးမြို့

## ရှမ်းပြည်နယ်
## ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ
## (၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)

ရှမ်းပြည်နယ်လွှတ်တော်ကထုတ်ဝေသည်။
၂၀၂၀ ပြည့်နှစ်